# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# (လယ်ယာမြေနည်းဥပဒေများ)
# အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၁၂
# ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
# (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာမြေဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရအပ်နှင်းသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤနည်းဥပဒေများကို **လယ်ယာမြေနည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် လယ်ယာမြေဥပဒေတွင်ပါရှိသည့်အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်**ဆိုသည်မှာ လယ်ယာမြေကိုလုပ်ပိုင်ခွင့်ပြုကြောင်း လယ်ယာမြေဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုလက်မှတ်ကိုဆိုသည်။

(ခ) **မြေခွန်**ဆိုသည်မှာလယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများအရ စည်းကြပ်သောမြေခွန်ကိုဆို သည်။

(ဂ) **မှတ်ပုံတင်ကြေး**ဆိုသည်မှာလယ်ယာမြေလုပ်ပိုင်ခွင့်ကို မှတ်ပုံတင်ခြင်းအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်အခကြေးငွေကို ဆို သည်။

(ဃ) **တံဆိပ်ခေါင်းခွန်**ဆိုသည်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကိုဆောင်ရွက်သည့်အခါ ချုပ်ဆိုသောစာချုပ်တွင် ထမ်းဆောင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနကသတ်မှတ်သည့်တံဆိပ်ခေါင်းခွန်ကို ဆိုသည်။

(င) **စာချုပ်စာတမ်းမှတ်ပုံတင်ခ**ဆိုသည်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့အတွက်ချုပ်ဆိုသော စာချုပ်ကိုမှတ်ပုံတင် သောအခါ ပေးဆောင်ရန်ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနကသတ်မှတ်သည့် အခကြေးငွေ ကိုဆိုသည်။

(စ) **ပေးကမ်းခြင်း**ဆိုသည်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူက အခြားသူတစ်ဦးဦးသို့တန်ဘိုးအ ခမဲ့လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ်ခြင်းကိုဆိုသည်။ယင်းစကားရပ်တွင် လှူဒါန်းခြင်းနှင့် စွန့်လွှတ်ခြင်းတို့လည်းပါဝင်သည်။

(ဆ) **နိုင်ငံသား**ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကိုဆိုသည်။

(ဇ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကိုဆိုသည်။

(ဈ) **အဖွဲ့အစည်း**ဆိုသည်မှာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ်အသင်းအဖွဲ့ကိုဆိုသည်။

(ည) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ လယ်ယာမြေဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့ စည်းသောဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကိုဆိုသည်။

(ဋ) **တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ လယ်ယာမြေဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီ မံခန့်ခွဲ မှုအဖွဲ့ကိုဆိုသည်။

(ဌ) **ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ လယ်ယာမြေဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအ ဖွဲ့က ဖွဲ့စည်းသော ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကိုဆိုသည်။

(ဍ) **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ လယ်ယာမြေဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ဖွဲ့စည်းသော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကိုဆိုသည်။

(ဎ) **ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ လယ်ယာမြေဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့် ခွဲမှုအဖွဲ့ကိုဆိုသည်။

(ဏ) **ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု**ဆိုသည်မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အရ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်းရပ်ကွက်အဖြစ်သော်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်နိမိတ် ပြင်ပတွင် ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာအုပ်စု အဖြစ်သော် လည်းကောင်း နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းခြင်းသို့မဟုတ် မှတ်ယူခြင်း ပြုသောဒေသကိုဆိုသည်။

(တ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကိုဆိုသည်။

## အခန်း(၂)

## လက်ရှိအသုံးပြုခွင့်ရရှိထားသောလယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်

၃။ အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သည့်အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားသည်လယ် ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ ၁) ကိုသက်ဆိုင်ရာရပ်ကွက်သို့မ ဟုတ်

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ပြည့်စုံစွာ ဖြည့်စွက်ပြီးရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်-

(က) လယ်ယာမြေကိုလက်ရှိအသုံးပြုခွင့်ရရှိထားသော တောင်သူလယ်သမားအိမ်ထောင်သားစုသို့မ ဟုတ်အိမ်ထောင်သားစုဝင်ဖြစ်ခြင်း၊

(ခ) လယ်ယာမြေကိုလက်ရှိအသုံးပြုခွင့် ရရှိထားသောအိမ်ထောင်သားစု အကြီးအကဲသို့မဟုတ် အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးသို့မဟုတ် အုပ်ထိန်းသူဖြစ်ခြင်း၊

(ဂ) တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမားအိမ်ထောင်သားစု တွင်ပါဝင်သူတစ်ဦးဦး၏အမည်ဖြင့် ထားရှိသောလယ်ယာမြေအားလုံးကို ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအားလုံးကပူးတွဲလက်ရှိ အသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူခံစားခွင့်ရှိသော တောင်သူ လယ်သမားအိမ်ထောင်သားစုဖြစ်ခြင်း၊

(ဃ) လယ်ယာမြေဥပဒေအာဏာမတည်မီ လယ်ယာမြေနှင့်သက်ဆိုင်သောတည်ဆဲဥပဒေနှင့်အညီ တရားဝင်လက်ရှိလက်ငုတ်လုပ်ကိုင်နေသူဖြစ်ခြင်း၊

(င) လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ယင်းဥပဒေနှင့်အညီဖြစ်စေ၊ ယင်းဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ တရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ခြင်း၊

(စ) လျှောက်ထားသည့်လယ်ယာမြေတွင်အမှန်တကယ် လုပ်ကိုင်နေသူဖြစ်ကြောင်း ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်နီးချင်းသက်သေနှစ်ဦးတို့က ထောက်ခံသူဖြစ်ခြင်း၊

(ဆ) ဦးစီးဌာန၏မှတ်တမ်းများအရ လယ်ယာမြေကိုအသုံးပြုခွင့်ရရှိထားသူ ဖြစ်ကြောင်း အတည်ပြုခံရသူဖြစ်ခြင်း၊

(ဇ) လယ်ယာမြေကိုအသုံးပြုခွင့်ရရှိနိုင်ရန် အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း။

၄။ လယ်ယာမြေကိုလက်ရှိအသုံးပြုခွင့်ရရှိထားသော အဖွဲ့အစည်းသည်မိမိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် **လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ ၁)**ကို သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ပြည့်စုံစွာဖြည့်စွက် ပြီး ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့်မြို့နယ် ဦးစီးဌာနရုံး သို့ လျှောက်ထားရမည်။

၅။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်နည်းဥပဒေ ၃ သို့မဟုတ် ၄ အရ လျှောက်ထားသောလယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှရက်ပေါင်း (၃၀) အတွင်းမြို့နယ်ဦးစီးဌာနရုံးသို့စိစစ်ထောက်ခံချက်ဖြင့်ပေးပို့ရမည်။

၆။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) လက်ခံရရှိသည့်လျှောက်လွှာကို လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ ယင်းလျှောက် လွှာ လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထား ချက်နှင့်စပ်လျဉ်း၍

ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကို ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့် ကြော်ငြာစာ (ပုံစံ ၂) ဖြင့်ကြေညာရမည်။

(ခ) **ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့်ကြော်ငြာစာ (ပုံစံ ၂)** ကိုမြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေ တည်ရှိရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားရမည်။

(ဂ) နည်းဥပဒေခွဲ(က) အရ ကြေညာရာတွင်ယင်းသို့ ကြေညာသည့်နေ့မှရက်ပေါင်း (၃၀) အတွင်းကန့် ကွက်နိုင်ကြောင်းဖော်ပြရမည်။

၇။ မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာလက်ခံရရှိသည့်အခါကန့်ကွက်နိုင် ကြောင်း ကြေညာထားသည့်ကာလအတွင်းအောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) လျှောက်လွှာနှင့်စပ်လျဉ်းသည့်အချက်အလက်များကို **လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း (ပုံစံ ၃)** တွင်ရေးသွင်းခြင်း၊

(ခ) အောက်ပါအချက်များကိုစိစစ်၍ **လယ်ယာမြေလုပ်ပိုင်ခွင့်စစ်ဆေးချက်(ပုံစံ ၄)** တွင်ဖြည့်စွက်ခြင်း-

(၁) လျှောက်ထားသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဟုတ် မဟုတ်၊

(၂) လျှောက်ထားသူသည်နိုင်ငံသားဟုတ် မဟုတ်၊

(၃) **လယ်ယာမြေဥပဒေပုဒ်မ ၆** ပါ အချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ၊

(၄) လျှောက်ထားသူသည်လယ်ယာမြေဥပဒေအာဏာမတည်မီ လယ်ယာမြေနှင့်သက်ဆိုင်သော တည် ဆဲဥပဒေနှင့်အညီ တရားဝင်လက်ရှိ လက်ငုတ် လုပ်ကိုင်နေသူဖြစ်ပါက ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ် စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ပါ မပါ၊

(၅) လျှောက်လွှာတွင်ဖော်ပြထားသော ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာနှင့်မြေအမျိုးအစားတို့သည် မြို့နယ်ဦးစီးဌာနရုံး၏ စာရင်းမြေပုံနှင့် ကိုက်ညီမှုရှိ မရှိ၊

(ဂ) **နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၅)** ပါအချက်များကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင်မြေ ပြင်တွင် အမှန်တည်ရှိသည့် အချက်များကိုလျှောက်ထားသူ၊ နယ်နိမိတ်ဆက်စပ်နေသည့် တောင်သူလယ် သမားများ၊ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးတိုင်း တာ၍ အတည်ပြုခြင်း။

၈။ မြို့နယ်ဦးစီးဌာနရုံးသည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တင်ပြ သည့်တစ်ဦးထက်ပိုသူတို့က လယ်ယာမြေလုပ်ကွက်တစ်ခုအတွက် လျှောက်ထားသောလယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာများနှင့်စပ်လျဉ်း၍ **နည်းဥပဒေ ၆** ပါအတိုင်း ဆောင်ရွက်ပြီးနောက်အောက်ပါအ ချက်များကိုဆောင်ရွက်ရမည်-

(က) လျှောက်လွှာနှင့်စပ်လျဉ်းသည့်အချက်အလက်များကို **လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာမှတ်ပုံ တင်စာရင်း (ပုံစံ ၃)** တွင်ရေးသွင်းခြင်း၊

(ခ) **နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(ခ)** ပါ အချက်များအပြင်အောက်ပါအချက်များကိုစိစစ်ခြင်း-

(၁) လျှောက်ထားသည့်လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားခြင်း အထောက်အထားခိုင်လုံမှုရှိ မရှိ၊

(၂) လျှောက်ထားသည့်လယ်ယာမြေကို ယခင်လုပ်ကိုင်ခဲ့ဖူးခြင်းရှိ မရှိ၊ လုပ်ကိုင်ခဲ့ဖူးသော်လည်း လက်ငုတ်ပြတ်တောက်ခဲ့ခြင်းဖြစ်ပါက ယင်းသို့လက်ငုတ်ပြတ်တောက်ခဲ့ခြင်းအတွက် လုံလောက်သောအကြောင်းပြချက်ရှိ မရှိ၊

(၃) သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုတွင် ထားရှိသောရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတောင်သူလယ်သမားတစ်ဦးချင်း၏ လုပ်ပိုင်ခွင့်ရလယ်ယာမြေဧရိယာ ဖော်ပြသောစာရင်းတွင် ပါဝင်ခြင်းရှိ မရှိ။

(၄) အမှန်တကယ် လုပ်ပိုင်ခွင့်ရရှိထားသူ မဟုတ်ဘဲမမှန်မကန် လိမ်လည်လျှောက်ထားခြင်းရှိ မရှိ။

(ဂ) အမှန်တကယ်လုပ်ပိုင်ခွင့်ရရှိထားသူမဟုတ်ဘဲ မမှန်မကန်လိမ်လည်စာရင်းသွင်း လျှောက်ထားသူ ဖြစ်ပါက တည်ဆဲဥပဒေအရအရေးယူဆောင်ရွက်ရမည်။

၉။ (က) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက် အရ ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင် မြို့နယ်ဦးစီးဌာနရုံးသည် ယင်းကန့်ကွက်ချက် လက်ခံရရှိ သည့်နေ့မှ **သာမန်အားဖြင့် (၇)ရက် (ခုနစ်ရက်) အတွင်း** သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ယင်းကန့်ကွက်ချက်အပါအဝင် သက်ဆိုင်သည့်စာတမ်းအမှတ်အသားများ ကို ပေးပို့၍စုံစမ်းစစ်ဆေးတင်ပြစေရန် အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ အကြောင်းကြားစာကိုရရှိသည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်ဦးစီးဌာနရုံး၏ အကြောင်းကြားစာရရှိသည့်နေ့မှ သာမန်အားဖြင့် (၇) ရက်(ခုနစ်ရက်) အတွင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

၁၀။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ခ) အရတင်ပြချက်ကိုလက်ခံရရှိ သည့်အခါယင်းတင်ပြချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၁၁။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၁၀ အရ တင်ပြလာသည့်လယ်ယာမြေ လုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါစိစစ်၍ ယင်းစာတွဲလက်ခံရရှိသည့်နေ့မှ သာမန်အား ဖြင့် (၇) ရက် (ခုနစ်ရက်) အတွင်း သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၁၂။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၁၁ အရ တင်ပြသည့်လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကိုလက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီးမြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်းကို ယင်းလုပ်ငန်းစာတွဲ လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း ဆောင်ရွက်ရမည်။

၁၃။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်းအကြောင်းကြားချက်အရ လယ်ယာမြေလုပ်ပိုင် ခွင့်ရရှိသူကို လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေးပေးသွင်း စေ၍

**လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ ၅)** တွင်မှတ်တမ်းတင်ပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

(ခ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်အရ ငြင်းပယ်ခြင်းခံရသူကို လယ်ယာမြေလုပ်ပိုင်ခွင့်ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း(ပုံစံ ၆) တွင်မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက် နှင့်အညီ-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)** ထုတ်ပေးရမည်။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကို ငြင်းပယ်ခြင်းခံရသူထံ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန်လျှောက်ထားချက်ကို **ငြင်းပယ်ကြောင်း အကြောင်းကြားစာ(ပုံစံ ၈)** ပေးပို့ရမည်။

၁၅။ လယ်ယာမြေဥပဒေအာဏာမတည်မီ တည်ဆဲဥပဒေအရစစ်ဆေးဆောင်ရွက်လျက်ရှိသော မြေယာမှုခင်းများနှင့်စပ်လျဉ်း၍ယင်းမှုခင်းများ အပြီးအပြတ်ဖြစ်သည့်အခါမှသာ သက်ဆိုင်ရာလယ်ယာမြေ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၃)

## ပြန်လည်သိမ်းယူသောလယ်ယာမြေနှင့်အသစ်ဖော်ထုတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်

၁၆။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့်နိုင်ငံတော်က အခါအားလျော်စွာအသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားနိုင်ကြောင်း အများပြည်သူသိရှိရန်ကြေညာရမည်။

၁၇။ နည်းဥပဒေ ၁၆ အရ ကြေညာသည့်အခါ သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသောလယ်ယာမြေနှင့် နိုင်ငံတော်ကအခါအားလျော်စွာ ဖော်ထုတ်သောလယ်ယာမြေများတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ-၁) ကိုသက်ဆိုင်ရာရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင်အခမဲ့ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး မြို့နယ်ဦးစီးဌာနရုံး သို့ လျှောက်ထားရမည်။

၁၈။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၁၇** အရလျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုစိစစ်ရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လျှောက်ထားသူသည်အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(၂) လျှောက်ထားသူသည် နိုင်ငံသားဖြစ်ခြင်း၊

(၃) လယ်ယာမြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ခြင်း၊

(၄) အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင်အခြေချနေထိုင်သူဖြစ် ခြင်း၊

(၅) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်း များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ခ) အဖွဲ့အစည်းဖြစ်ပါက-

(၁) လယ်ယာမြေတွင်စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသော ရည်ရွယ်ချက်ဖြင့် အမှန်တကယ်စိုက်ပျိုးနိုင်သည့်အခြေအနေရှိခြင်း၊

(၂) စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နိုင်သည့်အခြေအနေရှိခြင်း၊

(၃) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းဖြစ်ခြင်း။

၁၉။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒ ၁၈ အရစိစစ်တွေ့ရှိချက်များကို နည်းဥပဒေ ၁၇ အရ လျှောက် ထားချက်ကို လက်ခံရရှိသည့်နေ့မှသာမန်အားဖြင့် (၇)ရက် (ခုနစ်ရက်) အတွင်း သဘောထားမှတ်ချက် နှင့်အတူ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၂၀။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၁၉ အရတင်ပြချက်ကို ထပ်မံစိစစ်ပြီး ယင်း တင်ပြချက်ကိုလက်ခံရရှိသည့်နေ့မှ သာမန်အားဖြင့်(၇) ရက်(ခုနစ်ရက်)အတွင်း အောက်ပါဦးစားပေး အစီအစဉ်အတိုင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်-

(က) လူပုဂ္ဂိုလ်ဖြစ်ပါက-

(၁) လယ်မဲ့ယာမဲ့ဖြစ်ပြီး အရင်းအနှီးချို့တဲ့သည့်လယ်ယာလုပ်သားဖြစ်ခြင်း၊

(၂) စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသော်လည်း လယ်ယာမြေချို့တဲ့သူဖြစ်ခြင်း၊

(၃) စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေပြီး တိုးချဲ့လုပ်ကိုင်ရန်လယ်ယာမြေလိုအပ်နေသူဖြစ်ခြင်း။

(ခ) အဖွဲ့အစည်းဖြစ်ပါက-

(၁) စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နိုင်ခြင်း၊

(၂) ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊

(၃) လယ်ယာမြေတွင်အမှန်တကယ် စိုက်ပျိုးနိုင်သည့်အခြေအနေရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း။

၂၁။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်တင်ပြသည့်လယ် ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်းသို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်းကို ယင်းလုပ်ငန်းစာတွဲ **လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း** ဆောင်ရွက်ရမည်။

၂၂။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်းအကြောင်းကြားချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေးပေးသွင်း စေ၍ **လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ ၅)** တွင်မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

(ခ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်အရ ငြင်းပယ်ခြင်းခံရသူကို လယ်ယာမြေ လုပ်ပိုင်ခွင့် **ငြင်းပယ်ခံရသူများမှတ်ပုံတင်စာရင်း(ပုံစံ ၆)** တွင်မှတ်တမ်းတင်ပြီး မြို့နယ်လယ် ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၂၃။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက် နှင့်အညီ-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇)** ထုတ်ပေးရမည်။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကို ငြင်းပယ်ခြင်းခံရသူထံ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန်လျှောက်ထားချက်ကို **ငြင်းပယ်ကြောင်း အကြောင်းကြားစာ (ပုံစံ ၈)** ပေးပို့ရမည်။

## အခန်း(၄)

## လွှဲပြောင်းလက်ခံသော၊ အမွေဆက်ခံသော၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှပြောင်းလဲသတ်မှတ်သော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်

### လွှဲပြောင်းလက်ခံသောလယ်ယာမြေများ

၂၄။ (က) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လွှဲပြောင်းလျှင်လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင်တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍စာချုပ်ချုပ်ဆိုရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ ချုပ်ဆိုသောစာချုပ်ကို **စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း (၁၂၀) အတွင်း** သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

၂၅။ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ် ပေးကမ်းခြင်းဖြင့်လက်ခံရရှိသူ သည်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည် ပြောင်းလဲပေးရေးအတွက် လျှောက်လွှာကိုလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ**အမည် ပြောင်းလဲပေးရန် လျှောက်လွှာ(ပုံစံ ၉)** ပါအတိုင်း ရေးသားဖော်ပြ၍ မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။

(ခ) **နည်းဥပဒေခွဲ(က)** အရလျှောက်ထားရာတွင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မူရင်းနှင့်မှတ်ပုံတင်စာချုပ်တို့ကို ပူးတွဲတင်ပြရမည်။

၂၆။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၂၅ အရလျှောက်ထားချက်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ စုံစမ်းစစ်ဆေးပြီး ယင်းလျှောက်ထားချက် လက်ခံရရှိသည့်နေ့မှသာမန်အား ဖြင့်(၇) ရက်

(ခုနစ်ရက်)အတွင်း လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၂၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၂၆ အရ တင်ပြသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါစိစစ်၍ ယင်းစာတွဲလက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်းလယ် ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ကို ပြောင်းလဲခွင့်ပြုကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားရ မည်။

၂၈။ (က) မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း အကြောင်းကြားစာရရှိပြီး (၁၅) ရက်အတွင်းယင်းအမည်ပြောင်းလဲခွင့် ရရှိသူကို ဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေးပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း(ပုံစံ ၅)တွင် မှတ်တမ်းတင်ပြီးနောက်သာမန်အားဖြင့်(၇) ရက် (ခုနစ်ရက်) အတွင်း လုပ်ငန်း စာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ သည် လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ကိုထုတ်ပေးရမည်။ ယင်းသို့ဆောင်ရွက်ပြီးစီးကြောင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

**အမွေဆက်ခံသောလယ်ယာမြေများ**

၂၉။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားနှင့် အတူ မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်မူရင်းပူးတွဲ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ **အမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်း(ပုံစံ ၉)** ဖြင့်မြို့နယ်ဦးစီးဌာနရုံးသို့လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) နည်းဥပဒေ ၂၉ အရ လျှောက်ထားသောလျှောက်လွှာကို လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲ ဖွင့်လှစ်၍ ယင်းလျှောက်လွှာ လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာလယ်ယာမြေလုပ် ပိုင် ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန်လျှောက်ထားချက် နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့် ကြော်ငြာစာ (ပုံစံ ၂-က) ဖြင့်ကြေညာရမည်။

(ခ) **ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ(ပုံစံ ၂-က)** ကိုမြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေ တည်ရှိရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ကြေညာရာတွင်ယင်းသို့ကြေညာသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်းဖော်ပြရမည်။

၃၁။ မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင်-

(၁) ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါကလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်ကို ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၂) ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်ခြင်းမဟုတ်ကြောင်း သုံးသပ်တွေ့ရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန်လျှောက်ထားချက်ကို ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ခ) ကန့်ကွက်ချက်တစ်စုံတစ်ရာမရရှိလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားချက်ကို ခွင့်ပြုသင့်ကြောင်းသဘောထားမှတ်ချက်ဖြင့်လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၃၂။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၃၁ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကိုမြို့နယ်ဦးစီးဌာနရုံးသို့ လုပ်ငန်းစာတွဲလက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်းအကြောင်းကြားရမည်။

၃၃။ မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အမည်ပြောင်းလဲခွင့်ရရှိရန် လျှောက် ထားချက်နှင့်စပ်လျဉ်း၍ **နည်းဥပဒေ ၃၂** အရ-

(က) ခွင့်ပြုကြောင်း အကြောင်းကြားသည့်စာ ရရှိပါက ယင်းစာရရှိပြီး (၁၅) ရက်အတွင်း လျှောက်ထားသူကိုဦးစီးဌာနရငွေစာရင်းသို့ မှတ်ပုံတင်ကြေးပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း(ပုံစံ ၅) တွင်မှတ်တမ်းတင်ပြီးနောက်သာမန်အားဖြင့် (၇) ရက် (ခုနစ်ရက်) အတွင်း လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ခ) ငြင်းပယ်ကြောင်း အကြောင်းကြားသည့်စာရရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထား ချက်ကို ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း(ပုံစံ ၆) တွင်မှတ်တမ်းတင်ပြီးနောက် သာမန်အားဖြင့် (၇)ရက် (ခုနစ်ရက်) အတွင်းလုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၃၄။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်-

(က) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (က) အရတင်ပြချက်ကိုလက်ခံရရှိသည့်အခါ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်။ ယင်းသို့ဆောင်ရွက်ပြီးစီးကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ခ) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ)အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ လျှောက်ထားသူထံ လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ကြောင်းအကြောင်းကြားစာ (ပုံစံ ၈) ဖြင့်အကြောင်းကြားရမည်။ ယင်းသို့ဆောင်ရွက်ပြီးစီးကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့်နည်းဥပဒေခွဲ (ခ) အရလယ်ယာမြေလုပ်ပိုင်ခွင့်ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းတို့ကို မြို့နယ်ဦးစီးဌာနရုံးက နည်းဥပဒေ ၃၃ အရ တင်ပြချက်လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ ပြောင်းလဲသတ်မှတ်သောလယ်ယာမြေများ

၃၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီထံမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့် သို့မဟုတ်အသုံးပြုခွင့် ရရှိထားသူသည် မိမိလုပ်ကိုင်သောသို့မဟုတ် အသုံးပြုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာအားလုံးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးပြီးနောက် စိုက်ပျိုးသီးနှံအမျိုး အစားအလိုက် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့်အခြေအနေဖော်ပြသော ဓာတ်ပုံမှတ် တမ်းနှင့်အတူ ခိုင်လုံသောအထောက်အထား ပူးတွဲ၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို လယ်ယာမြေ အဖြစ်ပြောင်းလဲ သတ်မှတ်ပေးရန် လျှောက်လွှာ(ပုံစံ ၁၀) ဖြင့်ဗဟိုလယ်ယာမြေ စီမံခန့်ခွဲ မှုအဖွဲ့ သို့လျှောက်ထားနိုင်သည်။

၃၆။ **နည်းဥပဒေ ၃၅** အရလျှောက်ထားရာတွင်လယ်ယာမြေ အဖြစ်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ယင်းနည်းဥပဒေပါသတ်မှတ်ချက်များ ပြည့်စုံပြီးဖြစ်ကြောင်း ဖော်ပြချက်နှင့်အတူ နေပြည်တော်ကောင်စီ သို့မဟုတ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၏ စိစစ်ထောက်ခံချက်ကိုပူးတွဲတင်ပြရမည်။

၃၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် တင်ပြလျှောက်ထားချက် ကိုစိစစ်ပြီးခွင့်ပြုကြောင်း သက်ဆိုင်ရာနေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားရမည်။

၃၈။ နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် **နည်းဥပဒေ ၃၇** အရအကြောင်းကြားချက်ကိုရရှိသည့်အခါခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားရမည်။

၃၉။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) **နည်းပဒေ ၃၈** အရ အကြောင်းကြားစာရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာမြေ အဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးခြင်း လုပ်ငန်းစာတွဲဖွင့်လှစ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရလုပ်ငန်းစာတွဲဖွင့်လှစ်ပြီးနောက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာ မြေအဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်ထားသူကိုဦးစီးဌာနရငွေ စာရင်းသို့မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ ၅)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၄၀။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(ခ) အရတင်ပြချက်ကို လက်ခံရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာမြေအဖြစ်သို့ပြောင်းလဲသတ်မှတ်ပြီး လျှောက်ထားသူအားလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်။

၄၁။ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ရရှိထားသူသည် မိမိလုပ်ကိုင်သောမြေလွတ်၊ မြေလပ် နှင့်မြေရိုင်း ဧရိယာအားလုံးကို သတ်မှတ်ထားသည့် ဖော်ထုတ်စိုက်ပျိုးသည့် ကာလပြည့်ပြီးနောက် စိုက်ပျိုးသီးနှံ အမျိုးအစားအလိုက် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု အခြေအနေဖော်ပြသည့် ဓာတ်ပုံမှတ်တမ်းနှင့်အတူ ခိုင်လုံသော အထောက်အထားပူးတွဲ၍ မြေလွတ်၊ မြေလပ်နှင်မြေရိုင်းကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်လွှာ (ပုံစံ ၁၀) ဖြင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်သည်။

၄၂။ နည်းဥပဒေ ၄၁ အရလျှောက်ထားရာတွင် လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ယင်းနည်းဥပဒေပါ သတ်မှတ်ချက်များပြည့်စုံပြီးဖြစ်ကြောင်း ဖော်ပြချက်နှင့်အတူ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့၏ စိစစ်ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

၄၃။ **နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့**သည်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ် နိုင်ရေးအတွက် တင်ပြလျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုကြောင်း သက်ဆိုင်ရာခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တို့မှတစ်ဆင့်မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အ ကြောင်းကြားရမည်။

၄၄။ မြို့နယ်ဦးစီးဌာနရုံးသည်-

(က) **နည်းဥပဒေ ၄၃** အရ အကြောင်းကြားစာ ရရှိသည့်အခါမြေလွတ်၊ မြေလပ်နှင့်မြေရိုင်း မှလယ် ယာမြေ အဖြစ်သို့ပြောင်းလဲသတ်မှတ်ပေးခြင်း လုပ်ငန်းစာတွဲဖွင့်လှစ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရလုပ်ငန်းစာတွဲဖွင့်လှစ်ပြီးနောက်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ် ယာမြေအဖြစ်သို့ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်ထားသူကိုဦးစီးဌာန ရငွေစာရင်းသို့ မှတ်ပုံတင် ကြေးပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ ၅)တွင် မှတ် တမ်းတင် ပြီးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၄၅။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (ခ) အရတင်ပြချက် ကိုလက်ခံရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာမြေအဖြစ်သို့ပြောင်းလဲသတ်မှတ်ပြီး လျှောက်ထားသူအားလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်။

၄၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ယင်းရင်းနှီး မြှုပ်နှံသူများ ပါဝင်သည့်အဖွဲ့အစည်းက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းတွင်

စိုက်ပျိုးထုတ်လုပ်မှု တည်ငြိမ်သည့်အခါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အဆိုပါမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လယ်ယာမြေ အဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။

**အခန်း(၅)**

**လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းနှင့်ပေါင်နှံခြင်း**

၄၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းပြုလုပ်ရာတွင်-

(က) ငှားရမ်းခြင်းပြုသောလယ်ယာမြေကို စိုက်ပျိုးရေးလုပ်ငန်းအတွက်သာ အသုံးပြုရမည်။

(ခ) ငှားရမ်းသူနှင့်ငှားယူသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ငှားရမ်းသည့်စာချုပ်ကို ချုပ်ဆိုရမည်။

(ဂ) **နည်းဥပဒေခွဲ (ခ)** အရ ချုပ်ဆိုသောစာချုပ်၌ ငှားရမ်းသည့်ကာလကို သတ်မှတ်ဖော်ပြရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း (၁၂၀) အတွင်းသက်ဆိုင်ရာ မြို့နယ်ဦးစီးဌာရုံးတွင် မှတ်ပုံတင်ရမည်။

၄၈။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခြင်းပြုရာတွင်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ယင်း၏လယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီးရရှိရေးအတွက်သာ ပေါင်နှံရမည်။

(ခ) အစိုးရဘဏ် သို့မဟုတ်ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သော ဘဏ်တစ်ခုခု၌သာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းကို ပေးအပ်၍ပေါင်နှံရမည်။

(ဂ) ပေါင်နှံသူနှင့်ပေါင်နှံခြင်းကို လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်၌ တံဆိပ်ခေါင်း ခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပေါင်နှံသည့် စာချုပ်ကိုချုပ်ဆိုရမည်။

(ဃ) **နည်းဥပဒေခွဲ (ဂ)** အရ ချုပ်ဆိုသောစာချုပ်၌ ရွေးနုတ်ရမည့်ကာလကိုသတ်မှတ်ဖော်ပြရမည်။

(င) နည်းဥပဒေခွဲ (ဂ) အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှရက်ပေါင်း (၁၂၀) အတွင်းသက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(စ) ပေါင်နှံသူသည် ပေါင်နှံသည့်ကာလအတွင်း လယ်ယာမြေတွင်ဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်ခွင့် ရှိသည်။

၄၉။ **နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ(ဃ)** အရ သတ်မှတ်သည့်ရွေးနုတ်ရမည့်ကာလ အတွင်းရွေးနုတ်ခြင်း မပြုလျှင် ပေါင်နှံခြင်းကိုလက်ခံသည့် အစိုးရဘဏ်သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ် သော ဘဏ်သည်လယ်ယာမြေလုပ်ပိုင်ခွင့်ကို ဘဏ်၏လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၅၀။ နည်းဥပဒေ ၄၉ အရလယ်ယာမြေလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသော အစိုးရဘဏ်သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သော ဘဏ်သည်လည်းကောင်း၊ ယင်းဘဏ်တစ်ခုခုမှ လယ်ယာ မြေလုပ်ပိုင်ခွင့်ကိုလွှဲပြောင်းရရှိသူသည် လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်း လဲ ပေးရန် **နည်းဥပဒေ ၂၅** အရ မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားနိုင်သည်။

၅၁။ နည်းဥပဒေ ၅၀ အရ လျှောက်ထားချက်နှင့်စပ်လျဥ်း၍ မြို့နယ်ဦးစီးဌာနရုံးနှင့် မြို့နယ်လယ် ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့သည် နည်းဥပဒေ ၂၆၊ ၂၇ နှင့် ၂၈ တို့ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၆)

## ကြီးကြပ်ခြင်းနှင့်ပံ့ပိုးဆောင်ရွက်ခြင်း

၅၂။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူနှင့် လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများအား မှတ်တမ်းပြုစုထားရှိရန် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအလိုက် **လယ်ယာ မြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်း (ပုံစံ ၁၁)** ကိုဖွင့်လှစ်ထားရှိရမည်။

၅၃။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်-

(က) လယ်ယာမြေဥပဒေ အခန်း(၄) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာ ရမည့် စည်းကမ်းချက်များကို လိုက်နာခြင်းရှိ မရှိ ကြီးကြပ်ရမည်။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့် စပ်လျဉ်း၍ချမှတ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နေစဉ်ကာလအတွင်းယင်းဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်စေ ရန် ကြီးကြပ်ရမည်။

(ဂ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကိုလုပ်ထားခြင်းမရှိစေရန် ကြီးကြပ်ရမည်။

၅၄။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် **နည်းဥပဒေ ၅၃၊ နည်းဥပဒေခွဲ (က)** အရကြီးကြပ်ရာတွင်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ် စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိလျှင် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ ဝန်ကြီးဌာနကဤကိစ္စအလို့ငှာ ခန့်အပ်သည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့် တင်ပြရမည်။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေဥပဒေပုဒ်မ ၁၄ ပါ တားမြစ်ချက် ကိုဖောက်ဖျက် ကြောင်းတွေ့ရှိလျှင်ပုဒ်မ ၃၇ အရအရေးယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင် ပြရမည်။

၅၅။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေ လုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်မရရှိဘဲ နိုင်ငံ

ခြားသားသို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ်ပေးကမ်းခြင်း မပြုနိုင်ရေးအတွက် ကြီးကြပ်ရမည်။

၅၆။ လယ်ယာမြေဥပဒေပုဒ်မ ၃ဝ အရ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိသူက ခွင့်ပြုချက်ရရှိသည့်နေ့ရက်မှ (၆)လ (ခြောက်လ) အတွင်း လယ်ယာမြေကိုသတ်မှတ် သည့်နည်းလမ်း အတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှု မရှိကြောင်းသော်လည်းကောင်း တွေ့ရှိလျှင်ဖြစ်စေ၊ လယ်ယာမြေဥပဒေပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရကြောင်း သိရှိလျှင်ဖြစ်စေ သက်ဆိုင်သည့်လယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီ မံခန့်ခွဲမှုအဖွဲ့တို့မှတစ်ဆင့် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၅၇။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခု ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီးအမိန့်ချမှတ်ရန် ဝန်ကြီးဌာန ကခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) သို့မဟုတ် (ဃ) ပါစီမံ ခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည် သိမ်းယူနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့်တင်ပြရမည်။

၅၈။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည်-

(က) လယ်ယာလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများ သင့်တင့်မျှတသော လုပ်အားခနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(ခ) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောအကူ အညီများရရှိရန် ဆက်စပ်ဆောင်ရွက်ပေးရမည်။

(ဂ) သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ငွေအရင်းအနှီး ရရှိရေးအတွက်စည်းကမ်း သတ်မှတ် ချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သီးနှံမျိုးကောင်းမျိုးသန့်နှင့် နည်းပညာအကူအညီရရှိရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရ မည်။

## အခန်း(၇)

## လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းနှင့်အယူခံခြင်း

၅၉။ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်းနှင့် ကြားနာခြင်း တို့ကို ဆောင်ရွက်ရမည်။

၆၀။ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကို လယ်ယာမြေဥပဒေ အခန်း(၈) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရာတွင်-

(က) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းကိုစုံစမ်း စစ်ဆေး ကြားနာပြီး **အမှုတွဲစတင်ဖွင့်လှစ်သည့်နေ့မှ (၁၅) ရက်အတွင်း** အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ် ရ မည်။

(ခ) နည်းဥပဒေခွဲ (က)အရချမှတ်သည့်အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း (၃၀) အတွင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ယင်းအယူခံလွှာကို လက်ခံရရှိသည့်နေ့မှရက်ပေါင်း(၃၀) အတွင်းရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရချမှတ်သည့် အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်းခရိုင်လယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့သို့ အယူခံဝင်ရောက်နိုင်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် ယင်းအယူခံလွှာကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ)အရ ချမှတ်သည့်အမိန့်သို့မဟုတ်ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ်ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ ရက်ပေါင်း (၆၀)အတွင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့အယူခံဝင်ရောက်နိုင်ပြီးတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ် ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်း အယူခံလွှာကို လက်ခံရရှိသည့်နေ့မှရက်ပေါင်း (၆၀) အတွင်း ခရိုင် လယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့၏အမိန့် သို့မဟုတ်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မ ဟုတ် ပယ်ဖျတ်ခြင်းပြုရမည်။

၆၁။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် အပေါ်မကျေနပ်သူက အယူခံလွှာတင်သွင်းရာတွင် အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) လယ်ယာမြေအငြင်းပွားမှုကို ဆုံးဖြတ်သည့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော အမိန့်သို့မဟုတ်ဆုံးဖြတ်ချက် မိတ္တူ၊

(ခ) အားကိုးအားထားပြုသည့် သက်သေခံစာရွက်စာတမ်းများနှင့် အခြားအထောက်အထားများ။

၆၂။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုနှင့် အယူခံမှုများလက်ခံ စစ်ဆေးဆောင်ရွက် ပြီးစီးမှု၊ အမှုလက်ကျန်စာရင်းတို့ကို အဆင့်ဆင့်စုစည်းစိစစ်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာပေးပို့တင်ပြရမည်။

၆၃။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့က နည်းဥပဒေ ၆၀၊ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ) နှင့်(ဃ) တို့ပါသတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကြန့်ကြာနေခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်း ပြချက်ခိုင်လုံခြင်း ရှိ မရှိ စိစစ်ခြင်းနှင့်လိုအပ်ပါက စုံစမ်းစစ်ဆေးပြီး ထိရောက်စွာ အရေးယူခြင်း ပြုရမည်။

**အခန်း(၈)**

**နစ်နာကြေးနှင့်လျော်ကြေးများ**

၆၄။ လယ်ယာမြေဥပဒေအရ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ လယ်ယာ မြေသိမ်းယူခြင်းခံရလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန်ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက် ထားသည့်ကိစ္စရပ်များအတွက် နစ်နာကြေးနှင့်လျော်ကြေးများကို သက်ဆိုင်ရာမှ နှောင့်နှေးကြန့်ကြာမှု မရှိဘဲရရှိစေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ရမည်။

၆၅။ အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ လယ်ယာမြေကို လည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်းခံရသူသည် နစ်နာကြေးနှင့်လျော်ကြေးများကို ရထိုက်ခွင့်မရှိစေ ရ-

(က) လယ်ယာမြေဥပဒေပါစည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ လယ်ယာမြေပေါ်မှနှင်ထုတ်ခံရခြင်း သို့မဟုတ်လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသောအဆောက်အအုံများကို ဖယ်ရှားခံရခြင်း၊

(ခ) လယ်ယာမြေဥပဒေနှင့်အညီ အခြားနည်းဖြင့်အသုံးပြုခွင့်ရရှိပြီးနောက် **ခွင့်ပြုသည့်နေ့ရက်မှ (၆)လ (ခြောက်လ) အတွင်း**လယ်ယာမြေကိုသတ်မှတ်သည့် နည်းလမ်းအတိုင်းစတင်အသုံးမပြုခြင်းကြောင့် သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိခြင်းကြောင့် သော်လည်းကောင်း လယ်ယာမြေကိုပြန်လည်သိမ်းယူခံရခြင်း၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြု ချက်မရရှိဘဲ နိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားသားပါဝင်သည့်အဖွဲ့အစည်းကို ရောင်းချခြင်း၊ ပေါင် နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ်ပေးကမ်းခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ကိုပြန် လည်သိမ်းယူခံရခြင်း။

၆၆။ နိုင်ငံတော်အတွက်နိုင်ငံတော်အကျိုးငှာ သိမ်းယူသည့်ကိစ္စရပ်များတွင် နစ်နာကြေးနှင့်လျော်ကြေး ရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့်လျော်ကြေးကို နိုင်ငံတော်ကပေးရ မည်။

၆၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၆၆ အရ နိုင်ငံတော်ကပေးရမည့် နစ်နာ ကြေးနှင့်လျော်ကြေးပမာဏကို နစ်နာကြေးနှင့်လျော်ကြေးပေးဆောင်ရန် တွက်ချက်မှု(ပုံစံ ၁၂) ဖြင့် အောက်ပါအတိုင်းစိစစ်တွက်ချက်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ်

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှ တစ်ဆင့် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲ မှုအဖွဲ့သို့တင်ပြရမည်-

(က) သီးနှံနှင့်အဆောက်အအုံအတွက်နစ်နာကြေး-

(၁) လက်ရှိစိုက်ပျိုးထားသည့် စပါးနှင့်အခြားရာသီသီးနှံများအတွက် တစ်ဧကပျမ်းမျှ အထွက်နှုန်းကို အခြေခံလျက် ဒေသ၏ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုး၏ သုံးဆ၊

(၂) စိုက်ပျိုးထားသည့်နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျက်ဒေသ၏ကာလပေါက် ဈေးဖြင့် တွက်ချက်သောတန်ဖိုး၏ သုံးဆ၊

(၃) လယ်ယာမြေတွင်အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်းအပါအဝင်အခြား ဆောင်ရွက်ချက်များအတွက် ဒေသ၏ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုး၏နှစ်ဆ။

(ခ) မြေအတွက်လျော်ကြေး-

(၁) နိုင်ငံတော်၏ရေရှည်အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်း နိုင်မှုမရှိသော တည်ဆောက်ရေးလုပ်ငန်းနှင့်နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသုံးပြုခြင်းဖြစ်လျှင် သိမ်းယူခြင်းခံရသည့်လယ်ယာမြေအတွက် ဒေသ၏ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုး၊

(၂) နိုင်ငံတော်၏ရေရှည်အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင် မှုရှိသော စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုခြင်းဖြစ်လျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ နစ်နာမှုမရှိစေရေးအတွက် ညှိနှိုင်းသဘောတူညီသည့် ငွေကြေးပမာဏသို့မဟုတ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းပေးသောလျော်ကြေးငွေ သတ်မှတ်ရေးအဖွဲ့က စီးပွားရေးလုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ဆုံးဖြတ်သည့်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုးအောက် မနိမ့်သည့် ငွေကြေးပမာဏ။

၆၈။ လယ်ယာမြေသိမ်းယူခြင်းခံရသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ နစ်နာမှုမရှိစေရေးအတွက် နစ်နာကြေး၊ လျော်ကြေးပေးခြင်းနှင့် အခြားသင့်လျော်သည့်နည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍-

(က) ကျေနပ်မှုမရှိသဖြင့် တိုင်ကြားမှုများပေါ်ပေါက်လာလျှင် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့အနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ညီညွတ်စွာပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ဆောင်ရွက်ပေးရမည်။

(ခ) **နည်းဥပဒေခွဲ(က)**အရ ဆောင်ရွက်ရာတွင် လိုအပ်ချက်ရှိလာပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လိုအပ်သလိုညှိနှိုင်း ပေါင်းစပ်ကြီးကြပ် ဆောင်ရွက်ပေးရမည်။

## အခန်း(၉)

## လယ်ယာမြေကိုအသုံးချခြင်း

**လယ်ယာမြေတွင်သီးနှံပြောင်းလဲစိုက်ပျိုးခြင်း**

၆၉။ နိုင်ငံတော်၏ စားရေရိက္ခာဆန်ဖူလုံရေးအတွက် သက်ဆိုင်ရာနေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးလိုမှုကို မျက်ခြေမပြတ်ကြီးကြပ်ရမည်။

၇၀။ **နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာ မြေစီမံ ခန့်ခွဲမှုအဖွဲ့** သည်ဒေသအတွင်းသီးနှံပြောင်းလဲစိုက်ပျိုးခြင်း နှင့်စပ်လျဉ်း၍ အဆင့်ဆင့်စိစစ်အတည်ပြုပြီး စိုက်ဧက ကိန်းဂဏန်းမှန်ကန်စွာဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၇၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေတွင်မူလသတ်မှတ်ထားသော မြေအမျိုးအစား အလိုက်စိုက်ပျိုးလျက်ရှိသည့် ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုး လိုပါက လယ်ယာမြေကို မူလရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုး ခွင့်ပြုရန် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။

၇၂။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၇၁** အရ လျှောက်ထားချက်အားလယ်ယာမြေကို မူလ ရာသီသီးနှံ အမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်လုပ်ငန်းစာတွဲ ဖွင့်လှစ်ရမည်။

၇၃။ မြို့နယ်ဦးစီးဌာနရုံးသည် အောက်ပါအချက်များကို စိစစ်ရမည်-

(က) လျှောက်ထားသူနှင့်ပတ်သက်သည့်အကြောင်းအရာ၊

(ခ) လျှောက်ထားမြေပေါ်ရှိ မြေများ၏ဦးပိုင်အလိုက် မြေမျိုးကြီးနှင့် မြေမျိုးအတန်း၊

(ဂ) လက်ရှိမြေအတန်းအစားနှင့် ရေရရှိနိုင်မည့်အခြေအနေ၊

(ဃ) လက်ရှိစိုက်ပျိုးထားသည့်သီးနှံအမည်၊

(င) ပြောင်းလဲစိုက်ပျိုးမည့်သီးနှံအမည်နှင့် သီးနှံဖြစ်ထွန်းအောင်မြင်နိုင်မှုအခြေအနေ၊

(စ) သီးနှံပြောင်းလဲစိုက်ပျိုးရသည့်အကြောင်းအရင်း၊

(ဆ) လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေ၊

(ဇ) အခြားမြေ၌ အခြားစီးပွားရေးလုပ်ငန်းအခြေအနေ၊

(ဈ) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်။

၇၄။ မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေကို မူလရာသီသီးနှံ အမျိုးအစားမှနှစ်ရှည်ပင် အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေကိုမူလရာသီသီးနှံ အမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်လျှောက်ထားချက်ကို သဘောထားမှတ်ချက်ဖြင့် လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်။

၇၅။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒ ၇၄ အရတင်ပြချက်ကိုလက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့်

နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၇၆။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် နည်းဥပဒေ ၇၅ အရတင်ပြချက်နှင့်စပ်လျဉ်း၍-

(က) လယ်မြေတွင် စပါးသီးနှံမှနှစ်ရှည်ပင် အမျိုးအစားသို့ပြောင်းလဲ စိုက်ပျိုးခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကို ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) လယ်မြေမှတစ်ပါးလယ်ယာမြေတွင် မူလစိုက်ပျိုးသောရာသီသီးနှံ အမျိုးအစားမှ နှစ်ရှည်ပင်အမျိုး အစားသို့ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စဖြစ်ပါက အဆင့်ဆင့်တင်ပြသည့် အချက်အလက်များကို စိစစ်ပြီး ခွင့်ပြုလျှင် သီးနှံပြောင်းလဲစိုက်ပျိုးခြင်းအတွက် ခွင့်ပြုမိန့်(ပုံစံ ၁၃) ထုတ်ပေးရမည်။

၇၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၇၆၊ နည်းဥပဒေခွဲ (က)အရတင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်၏အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေး အတွက် အဆင့်ဆင့်တင်ပြသည့် အချက်အလက်များကိုစိစစ်ပြီးခွင့်ပြုပါက သီးနှံပြောင်းလဲစိုက်ပျိုးခြင်း အတွက် ခွင့်ပြုမိန့်(ပုံစံ ၁၃)ထုတ်ပေးရမည်။

**လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခြင်း**

၇၈။ နိုင်ငံတော်၏ရေရှည်အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများ အတွက် လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုလိုသော စီမံကိန်းအကောင်အထည်ဖော်မည့် ပြည်ထောင်စု ဝန်ကြီးဌာနသို့မဟုတ် **နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုး ရအ ဖွဲ့**သည်-

(က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိသည့်အခါ စီမံကိန်းလုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၇၉။ **နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့**အလိုက် ကျွမ်းကျင်ပညာရှင်များရေးဆွဲပြုစု၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားပြီး ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ကြိုတင်ပေးပို့ထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင် ရွက်မည့် လုပ်ငန်းစီမံချက်သို့မဟုတ်မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံချက် များအရ ကျေးလက်ဒေသများသို့မဟုတ်မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသောလူဦးရေနှင့် တိုးပွားလာသောအိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လယ်ယာမြေကိုအခြားနည်းဖြင့် အသုံး ပြုနိုင်ခွင့်ရှိသည်။

၈၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံချက် သို့မဟုတ်မြို့ပြဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအရ ကျေးလက်လူနေမှုဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် သက်ဆိုင်သည့်စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်း၊ တံတား၊ ကျေးလက်ဈေး၊ ဘာသာရေးအဆောက်အအုံ၊ သုဿန်နှင့်အခြားလိုအပ်သောအဆောက်အအုံများ အတွက် လယ်ယာမြေကိုအသုံးပြုရန်ရှိပါက အောက်ပါအချက်များနှင့်ညီညွတ်လျှင် အသုံးပြုနိုင်ခွင့် ရှိသည်-

(က) စာသင်ကျောင်းအတွက်ဖြစ်ပါက ပြည်ထောင်စုအဆင့်ပညာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီး ရန်ပုံငွေရရှိနိုင်မှုအခြေအနေရှိခြင်း၊

(ခ) ကျန်းမာရေးဌာန၊ ဆေးရုံနှင့်ဆေးပေးခန်းအတွက် ဖြစ်ပါကပြည်ထောင်စုအဆင့် ကျန်းမာရေး ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာခွင့်ပြုချက်ရှိပြီး ရန်ပုံငွေ ရရှိနိုင်မှုအခြေအနေရှိခြင်း၊

(ဂ) ဘာသာရေးအဆောက်အအုံများအတွက် ဖြစ်ပါက ပြည်ထောင်စုအဆင့်သာသနာရေး ဝန်ကြီးဌာန ၏လုပ်ငန်းဆိုင်ရာခွင့်ပြုချက်ရှိပြီး ရန်ပုံငွေရရှိနိုင်မှုအခြေအနေရှိခြင်း၊

(ဃ) အခြားကိစ္စရပ်အတွက်ဖြစ်ပါက သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီးရန်ပုံငွေ ရရှိနိုင်မှုအခြေအနေရှိခြင်း။

၈၁။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှခေတ်မီစက်မှုလယ်ယာ စနစ်သို့ကူး ပြောင်းရာတွင်လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများထားရှိရန် အဆောက်အအုံများဆောက် လုပ် ခြင်း၊ ဆန်စက်များတည်ဆောက်ခြင်း၊ သီးနှံသိုလှောင်သည့်ဂိုဒေါင်များ ဆောက်လုပ်ခြင်း၊ လိုအပ်သော ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းများအတွက် လယ်ယာမြေကိုအခြား နည်းဖြင့် အသုံးပြုနိုင်ခွင့်ရှိသည်။

၈၂။ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခွင့်ရရှိလိုသူသည် နည်းဥပဒေ ၇၉၊ ၈၀ နှင့် ၈၁ တို့တွင် ဖော်ပြထားသောကိစ္စရပ်များအပါအဝင် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုလိုပါက လယ်ယာ မြေကိုအခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ ၁၄) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့လျှောက်ထားရ မည်။

၈၃။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၈၂** အရလျှောက်ထားသောလျှောက်လွှာအား လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့်လုပ်ငန်းစာတွဲ ဖွင့်လှစ်ရမည်။

၈၄။ မြို့နယ်ဦးစီးဌာနရုံးသည်နည်းဥပဒေ ၈၂ အရ လျှောက်ထားသောလျှောက်လွှာကို လက်ခံရ ရှိသည့် နေ့မှရက်ပေါင်း ၃၀ အတွင်းအောက်ပါအချက်များကိုစိစစ်ရမည်-

(က) လျှောက်ထားသည့်မြေအခြေအနေ၊

(ခ) ပိုင်ဆိုင်မှုအခြေအနေ၊

(ဂ) စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေ၊

(ဃ) ဆောက်လုပ်မည့်အဆောက်အအုံ တည်နေရာပြမြေပုံ၊

(င) လျှောက်ထားသည့်မြေကိုမည်သည့်နေ့ရက်မှစ၍ လျှောက်ထားသည့်နည်းလမ်းအတိုင်း အသုံးပြုလို ကြောင်းတင်ပြချက်၊

(စ) လျှောက်ထားမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်၊

(ဆ) ဦးစီးဌာနများ၊ လုပ်ငန်းဌာနများမှလယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားသည့် ကိစ္စအတွက်သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာခွင့်ပြု ချက်ပူးတွဲတင် ပြထားခြင်းရှိ မရှိ၊

(ဇ) လျှောက်ထားသည့်မြေနှင့်ပတ်ဝန်းကျင်မြေများတည်ရှိမှု ဖော်ပြသည့်မြေပုံပူးတွဲ၍ အနီးပတ်ဝန်း ကျင်မြေများပေါ်တွင် အသုံးပြုမှုအခြေအနေတင်ပြထားခြင်းရှိ မရှိ၊

(ဈ) ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ စိစစ်ထောက်ခံချက်။

၈၅။ မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားချက်နှင့်စပ် လျဉ်း၍လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားချက်ကိုသဘောထားမှတ်ချက်ဖြင့် လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၈၆။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၈၅ အရတင်ပြချက်ကို လက်ခံရရှိသည့်အခါ ယင်းတင်ပြချက်ကိုလက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း အောက်ပါအချက်များကိုစိစစ်၍ သဘော ထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက် တင်ပြရမည်-

(က) အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားသည့်မြေဧရိယာသည် အသုံးပြုမည့်လုပ်ငန်းနှင့် စပ် လျဉ်း၍အနည်းဆုံး လိုအပ်သောပမာဏဖြစ် မဖြစ်၊

(ခ) **နည်းဥပဒေခွဲ(က)** ပါလျှောက်ထားသည့် မြေဧရိယာ၏ပတ်ဝန်းကျင်တွင် လက်ရှိလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများအား ထိခိုက်နိုင်ခြင်းရှိ မရှိ၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည့် ရေသွင်းရေထုတ်စနစ်များအား ထိခိုက်နိုင် ခြင်းရှိ မရှိ၊

(ဃ) အများပြည်သူအသုံးပြုနေသည့်လမ်းများ၊ လယ်ယာကုန်ထုတ်လမ်းများအား ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(င) လျှောက်ထားသည့်နည်းလမ်းအတိုင်းသတ်မှတ်ကာလအတွင်း လျှောက်ထားသည့်လုပ်ငန်းပြီးစီး အောင် ဆောင်ရွက်နိုင်မည့်အခြေအနေရှိ မရှိ၊

(စ) လျှောက်ထားသည့်နည်းလမ်းအတိုင်း အသုံးချမည်ဖြစ်ကြောင်း လျှောက်ထားသူကိုယ်တိုင်၏ ကတိ ဝန်ခံချက်ပါ မပါ၊

၈၇။ နေပြည်တော်ကောင်စီ သို့မဟုတ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည်နည်းဥပဒေ ၈၆ အရတင်ပြချက်နှင့်စပ်လျဉ်း၍-

(က) လယ်မြေကိုအခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားသည့်ကိစ္စဖြစ်ပါက တင်ပြချက်**လက်ခံရရှိသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း**သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကိုဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) လယ်မြေမှတစ်ပါးလယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားသည့်ကိစ္စဖြစ်ပါက အဆင့်ဆင့်တင်ပြသည့်အချက်အလက်များကို စိစစ်ပြီးတင်ပြချက် **လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း**သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကိုနေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြရမည်။

၈၈။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်နည်းဥပဒေ ၈၇၊ နည်းဥပဒေခွဲ (က) အရတင်ပြချက်နှင့်စပ် လျဉ်း၍ ခွင့်ပြုပါကလယ်မြေကို အခြားနည်းဖြင့်အသုံးပြုရန်ခွင့်ပြုမိန့် (ပုံစံ ၁၅) ထုတ်ပေးရမည်။

၈၉။ နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၈၇၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ခွင့်ပြုပါကလယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန်ခွင့်ပြုမိန့် (ပုံစံ ၁၅-က) ထုတ်ပေးရမည်။

၉၀။ နေပြည်တော်ကောင်စီသို့မဟုတ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့်ပြုထားသည့်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ကို ကွင်းဆင်းစစ်ဆေးတင်ပြစေပြီး ယင်းစစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခြင်း အခြေအနေစိစစ်တွေ့ရှိချက် (ပုံစံ ၁၆) ဖြင့်ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၆) လ (ခြောက်လ) တစ်ကြိမ် တင်ပြရမည်။

၉၁။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကွင်းဆင်းစစ်ဆေး ရာတွင် လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့် ရရှိထားသူသည် ခွင့်ပြုသည့် နေ့ရက်မှ(၆)လ (ခြောက်လ) အတွင်းသတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိကြောင်း သော်လည်းကောင်းတွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဓာတ်ပုံမှတ်တမ်းများနှင့်အတူတင်ပြရမည်။

၉၂။ နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် နည်းဥပဒေ ၉၁ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ လယ်ယာမြေဥပဒေပုဒ်မ ၃၁ နှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၉၃။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် **နည်းဥပဒေ ၉၂** အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်သုံးသပ်ပြီးလိုအပ်ပါက-

(က) လယ်မြေကိုအခြားနည်းဖြင့်အသုံးပြုရန် ခွင်ပြုမိန့်ကိုပယ်ဖျက်ရမည်။

(ခ) လယ်မြေမှတစ်ပါးလယ်ယာမြေနှင့်စပ်လျဉ်း၍ **နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့**က ထုတ်ပေးထားသောခွင့်ပြုမိန့်ကိုပယ်ဖျက်စေ ရန်အကြောင်းကြားရ မည်။

၉၄။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၉၃၊ နည်းဥပဒေခွဲ (က) အရခွင့်ပြုမိန့်ပယ်ဖျက်သည့်လယ်ယာမြေကိုလည်းကောင်း၊ နည်းဥဒေခွဲ (ခ) အရ အကြောင်းကြားသဖြင့် နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကခွင့်ပြုမိန့် ပယ်ဖျက်သည့်လယ်ယာမြေကိုလည်းကောင်း ပြန်လည်သိမ်းယူရမည်။

## အခန်း(၁၀)

## လယ်ယာမြေကိုစီမံခန့်ခွဲခြင်း

၉၅။ နိုင်ငံတော်သို့မဟုတ်ဒေသအစီအစဉ်အရ လယ်ယာမြေကိုခေတ်မီစံပြ စက်မှုလယ်ယာအဖြစ် ပြုပြင်ပြောင်းလဲဖော်ထုတ်ရာတွင် ယင်းလယ်ယာမြေ၏နယ်နိမိတ်နှင့် ဧရိယာအတိုးအလျော့ဖြစ်ပေါ်လာပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလလယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူက စိုက်ပျိုးရာသီအချိန်မီစိုက်ပျိုးနိုင်စေရန် ကွင်းဆင်းစိစစ်ခြင်း၊ မှန်ကန်မျှတစွာညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြန်လည်သတ်မှတ်ခြင်းများကို **လယ်ယာမြေပြုပြင်ပြောင်းလဲဖော်ထုတ်ပြီးသည့်နေ့မှ (၁၅) ရက်အတွင်း** ပြီးပြတ်အောင်ဆောင်ရွက်ပေးရမည်။

၉၆။ နိုင်ငံတော်၏ရေရှည်အမျိုးသားရေးအကျိုးစီးပွား အလို့ငှာစီမံကိန်းကို အကောင်အထည်ဖော်မည့် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိအကောင်အထည်ဖော်မည့်စီမံကိန်းအတွက် အနည်းဆုံးအမှန်တကယ် လိုအပ်သောပမာဏကို သိမ်းယူနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

၉၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေများမလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် လည်းကောင်း၊ ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေရေးအတွက် လည်းကောင်းစိစစ်ပြီးစီမံကိန်းကို အကောင်အထည်ဖော်မည့်သက်ဆိုင်ရာဝန်ကြီးဌာနအတွက် သိမ်းယူသင့်သောလယ်ယာမြေကို အနည်းဆုံးပမာဏဖြစ်စေရန် သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။

၉၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် **နည်းဥပဒေ ၉၇** အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံ တင်ပြချက်ကို စိစစ်သုံးသပ်ပြီး သိမ်းယူသင့်သောလယ်ယာမြေပမာဏကိုသာ သိမ်းယူရမည်။

၉၉။ ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်အပ်သောအာဏာပိုင်က သော်လည်းကောင်း အခြားနည်းဖြင့်အသုံးပြုရန် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်ကိစ္စမှတစ်ပါး ကျွဲနွားစားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေရန် စီမံဆောင်ရွက်ရမည်။

## အခန်း(၁၁)

## တရားစွဲဆိုခြင်း

၁၀၀။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါစည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကို ဖြစ်စေ လိုက်နာရန်ပျက်ကွက်သော လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား ပုဒ်မ ၁၉ အရအမိန့်ချမှတ်နိုင်ရန် ဝန်ကြီးဌာနကခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည်-

(က) မိမိချမှတ်သည့်အမိန့်ပါ သတ်မှတ်ရက်ကျော်လွန်သည်အထိ ယင်းအမိန့်ကိုလိုက်နာခြင်းမရှိသူအား လယ်ယာမြေဥပဒေပုဒ်မ ၃၅ အရ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုနိုင်သည်။

(ခ) ယင်းသို့တရားစွဲဆိုသည့်အခါ တစ်ဆင့်မြင့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

၁၀၁။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ (က)** အရတရားစွဲဆိုသောအမှုများတွင် သက်ဆိုင်ရာတရားရုံးက ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်း၍ မှတ်တမ်းထားရှိရမည်။

၁၀၂။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းများပြုလုပ်ကြောင်း နည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း လယ်ယာ မြေဥပဒေပုဒ်မ ၃၇ အရ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းတွင် ပထမသတင်းပေး တိုင်တန်းချက်ရေးဖွင့်၍ တရားစွဲဆိုနိုင်သည်။

## အခန်း(၁၂)

## မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်း

၁၀၃။ မြေနုကျွန်းမြေများသည်လည်းကောင်း၊ မြေနုကျွန်းမြေ သို့မဟုတ် ကမ်းခြေနှင့်ဆက်စပ်၍ ပေါ်ထွန်းလာသောမြေနုများသည်လည်းကောင်း အရွယ်အစားအားဖြင့်ဖြစ်စေ၊ တည်နေရာအားဖြင့် ဖြစ်စေ၊ ပုံသဏ္ဍာန်အားဖြင့်ဖြစ်စေ နှစ်စဉ်နှစ်တိုင်း ပြောင်းလဲလေ့ရှိသဖြင့် ပေါ်ထွန်းသော မြေနုကျွန်းမြေ နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကိုနှစ်စဉ်ချထားရမည်။

၁၀၄။မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည်ဖြစ်ပြီး နှစ်စဉ်နွေထယ် ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်။

၁၀၅။ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားရေးအတွက် စီမံခန့်ခွဲရာတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် -

(က) ရပ်ကွက်သို့မဟုတ်ကျေးရွာ အုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်း၍ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးဖြစ်သော ကျေးရွာများကိုသတ်မှတ်ရမည်။

(ခ) မြေနုကျွန်းမြေနှင့်အနီးကပ်ဆုံးကျေးရွာများ၏ ရွာစည်းရိုးနှင့် မြေနုကျွန်းမြေပေါ်ရှိ လုပ်ကိုင်နိုင်သောမြေ၏အနားရေးတို့အတိုဆုံးအကွာအဝေးကို နှိုင်းယှဉ်စဉ်းစားရမည်။ ကျေးရွာအုပ်စုနယ်နမိတ်နှင့် နှိုင်းယှဉ်ခြင်းမပြုရ။

(ဂ) မြေနုကျွန်းမြေတွင် နယ်နိမိတ်တည်မြဲသွားသော ကျွန်းမြေရင့်များနှင့် စိုက်ပျိုး၍မရနိုင်သေးသော သဲသောင်မြေများ၊ ကျူတောနှင့်ကိုင်းတောများမပါဝင်စေရ။

(ဃ) စိုက်ပျိုးနိုင်သောမြေသားနယ်နိမိတ်ကိုတိုင်းတာ၍ မြေပုံသတ်မှတ်ရေးဆွဲခြင်းနှင့် ဧရိယာတွက်ချက်ခြင်းများဆောင်ရွက်ပြီး တွက်ချက်ရရှိသောဧရိယာအပေါ် အခြေခံရမည်။

၁၀၆။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြေနုကျွန်းမြေကို လုပ်ပိုင်ခွင့်ချထားရာတွင်-

(က) ယခင်နှစ်ကလုပ်ပိုင်ခွင့်ချထားပေးခဲ့မှုကိုလည်းထည့်သွင်းစဉ်းစားနိုင်သည်။ သို့ရာတွင် ယင်းအချက်ကို အဓိကအခြေခံ၍ သတ်မှတ်ခြင်းမပြုရ။

(ခ) မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးဟုသတ်မှတ်သည့် ကျေးရွာမှစီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့်လယ်မဲ့ ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားပေးရန် ရွေးချယ်ရမည်။

(ဂ) **နည်းဥပဒေခွဲ (ခ)** အရ ရွေးချယ်ခံရသူများသည် မြေနုကျွန်းမြေတွင် လုပ်ကိုင်ရပါက ယင်းဒေသပတ်ဝန်းကျင်ရှိ သာမန်တောင်သူလယ်သမားခံစားရသည့် အကျိုးအမြတ်ခန့်သာရရှိစေရန် ရည်မှန်း၍ လူဦးရေအလိုက်လုပ်ပိုင်ခွင့်ဧရိယာ သတ်မှတ်လျာထားရမည်။

(ဃ) **နည်းဥပဒေခွဲ(ဂ)** အရ သတ်မှတ်သည့်အတိုင်းလုပ်ပိုင်ခွင့်ချထားပေးပါက ယင်းဒေသပတ်ဝန်းကျင်ရှိသာမန်တောင်သူလယ်သမားများထက် ပိုမိုမြင့်မားသောအကျိုးအမြတ် ကိုခံစားနိုင်သည့်အခြေအနေဖြစ်ပေါ်နေလျှင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့်ပတ်ဝန်းကျင်ရှိ အနီးဆုံးကျေးရွာများမှ ထွန်ယက်စိုက်ပျိုးနိုင်သောအင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုထပ်မံဖြည့်စွက်၍ လုပ်ပိုင်ခွင့်ဧရိယာ သတ်မှတ်လျာထားရမည်။

(င) တောင်သူလယ်သမား အိမ်ထောင်သားစုတစ်စုအတွက် သတ်မှတ်လျာထားသည့်ဧရိယာ အတိုင်းအကွက်များရိုက်၍ အမှတ်စဉ်တပ်ထားရမည်။

(စ) ရွေးချယ်ထားသည့်တောင်သူလယ်သမား အိမ်ထောင်သားစုများအားယင်းတို့၏ ကျေးရွာနှင့်နီးစပ်ရာအကွက်များကိုမဲစနစ်ဖြင့် ချထားပေးရမည်။

၁၀၇။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ မြေနုကျွန်းတစ်ခုချင်းအလိုက်**မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း(ပုံစံ ၁၇)** ဖြင့်ပြုစုထားရှိရမည်။

၁၀၈။ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍-

(က) မြို့နယ်တစ်ခုအတွင်းရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားခြင်းဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ များနှင့်

ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် တိုင်းဒေသ ကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရမည်။

(ခ) ခရိုင်တစ်ခုအတွင်းမြို့နယ်အချင်းချင်း အငြင်းပွားခြင်းဖြစ်ပါက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းပြီး တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြအဆုံးဖြတ်ခံယူရမည်။

(ဂ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်းခရိုင်အချင်းချင်းအငြင်းပွားခြင်းဖြစ်ပါက တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆုံးဖြတ်ရ မည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ် ဖြစ်စေရမည်။

၁၀၉။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အချင်းချင်းအငြင်းပွားသည့် မြေနုကျွန်းမြေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဗဟိုလယ်ယာမြေစီ မံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁၀။ မြေနုကျွန်းမြေနယ်နိမိတ်ကိုအငြင်းပွားမှုမရှိဘဲခွဲဝေချထားနိုင်ရန် အုပ်ချုပ်ရေးနယ်နိမိတ်ကို ခေတ် မီမြေတိုင်းကိရိယာများဖြင့် စနစ်တကျတိုင်းတာမှတ်တမ်းတင်၍ မြို့နယ်၊ ရပ်ကွက်သို့မဟုတ် ကျေး ရွာအုပ်စုအလိုက်သတ်မှတ်ထားသည့် အုပ်ချုပ်ရေးနယ်နိမိတ်များတွင် မှတ်တိုင်များ သတ်မှတ် စိုက်ထူရမည်။ ယင်းသို့ဆောင်ရွက်ရန် အခက်အခဲရှိမှသာ ယခင်ကသတ်မှတ်ခဲ့သော မြေပြင်ရှိအမာခံ အမှတ်အသားများအရ တိုင်းတာရေးဆွဲဖော်ပြထားသည့် အမျှော်မျဉ်းကြောင်းနယ်နိမိတ် အမှတ်အသား များဖြင့် ခွဲခြားသတ်မှတ်ရမည်။

၁၁၁။တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲရာတွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့်သက်ဆိုင်လာပါက တိုင်းဒေသကြီးသို့မ ဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ဆောင်ရွက်ရမည်။

၁၁၂။ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ရရှိသူသည် -

(က) တစ်နှစ်တစ်ရာသီသာ လုပ်ပိုင်ခွင့်ရရှိခြင်းဖြစ်သဖြင့် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလိုဘဲ မြေခွန်ကိုသာထမ်းဆောင်ရမည်။

(ခ) မြေနုကျွန်းမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးစီးဌာနတို့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာရမည်။

## အခန်း(၁၃)

## အထွေထွေ

၁၁၃။ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးကို ရှေးရှု၍ တောင်သူလယ် သမားအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၁၄။ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိရန်လျှောက်ထားခြင်းမရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် သတ်မှတ်ခြင်းမခံရသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးကိုရပိုင်ခွင့်မရှိစေရ။

၁၁၅။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များကိုသတ်မှတ်ပေးရမည်။

၁၁၆။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေဝေရေလဲဧရိယာနှင့်သစ်တောသစ်ပင်မပြုန်းတီးရေး၊ မြေဆီလွှာမပျက်စီးရေး၊ ရာသီဥတုထိန်းသိမ်းနိုင်ရေး တို့အတွက်၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရေးနှင့် ကုန်းမြင့်လှေကားထစ်လယ်ယာ စိုက်ပျိုးရေးစနစ်များတိုးတက်ပေါ်ထွန်းလာစေရေး ထိရောက်စွာ အားပေးဆောင်ရွက်ရမည်။

၁၁၇။ အောက်ပါနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့်ရုပ်သိမ်းလိုက်သည်-

(က) ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများ၊

(ခ) ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေများ။

(ပုံ) မြင့်လှိုင်
ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**------ Attachment ------**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ - ၁ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ - ၂ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ---------------- တိုင်းဒေသကြီး/ပြည်နယ်၊ -------------- ခရိုင်၊--------- မြို့နယ် လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ - ၂က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ---------------- တိုင်းဒေသကြီး/ပြည်နယ်၊ -------------- ခရိုင်၊------------ မြို့နယ် လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့်အမည်ပြောင်းလဲပေးရန်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ - ၃ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာမှတ်ပုံတင်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ - ၄ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ------------ တိုင်းဒေသကြီး/ပြည်နယ်၊ ------------ ခရိုင်၊ ------------- မြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်စစ်ဆေးချက်

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ - ၅ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများမှတ်ပုံတင်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ - ၆ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်ကိုငြင်းပယ်ခံရသူများမှတ်ပုံတင်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 လယ်ယာမြေပုံစံ ၇ လယ်ယာမြေနည်းဥပဒေ ၁၄ (က)

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ - ၈ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့် ရလိုကြောင်း လျှောက်လွှာကို ငြင်းပယ်သော အကြောင်းကြားစာ

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ (၉) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည် ပြောင်းလဲရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ - ၁၀ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လျှောက်လွှာ ဥက္ကဋ္ဌ၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့်

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ - ၁၁ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်စာရင်း -------- တိုင်းဒေသကြီး/ ပြည်နယ် ------- ခရိုင် -------- မြို့နယ် --------- ရပ်ကွက်/ကျေးရွာအုပ်စု

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ - ၁၂ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ နစ်နာကြေးနှင့် လျော်ကြေး ပေးဆောင်ရန် တွက်ချက်မှု -------- တိုင်းဒေသကြီး/ ပြည်နယ် ------- ခရိုင် -------- မြို့နယ် --------- ရပ်ကွက်/ ကျေးရွာအုပ်စု ကွင်း/ အကွက်အမှတ်နှင့်အမည် -------------------၊ လုပ်ပိုင်ခွင့်ရသူအမည် ------------

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ - ၁၃ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့/ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အခြားသီးနှံပြောင်းလဲစိုက်ပျိုးခြင်းအတွက် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 ပုံစံ - ၁၄ လယ်ယာမြေအား အခြားအသုံးပြုခွင့် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 ပုံစံ - ၁၅ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 ပုံစံ - ၁၆ ----------- တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးချရန် ခွင့်ပြုပြီး ကိစ္စရပ်အပေါ် စိစစ်တွေ့ရှိချက် အခြေအနေ